# ပင်လုံညီလာခံကျင်းပခြင်းနှင့်စပ်လျဉ်း၍အမေရိကန်သံရုံး၏ကြေညာချက်

၂၀၁၈၊ ဇူလိုင် ၁၁

ယနေ့ကျင်းပသော ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ - (၂၁) ရာစုပင်လုံ ဖွင့်ပွဲအခမ်းအနားကို အမေရိကန်ပြည်ထောင်စုက ကြိုဆိုပါသည်။ သက်ဆိုင်ရာပုဂ္ဂိုလ်အဖွဲ့အစည်း အားလုံးအနေဖြင့် တွေ့ဆုံဆွေးနွေးခြင်းမှတစ်ဆင့် ဘုံသဘောတူညီချက်ကိုရှာဖွေရေးအတွက် စိတ်ရာကိုယ်ပါ နှစ်မြှုပ်ထားကြရန်မိမိတို့ အားပေးတိုက်တွန်းပါသည်။ ယခုသီတင်းပတ်အတွင်း ကျင်းပသည့် ဆွေးနွေးပွဲများက ပိုမိုအဓိပ္ပာယ်ပြည့်ဝသော ငြိမ်းချမ်းရေးဆီသို့ ရှေးရှုသွားမည်ဟုလည်း မျှော်လင့်ပါသည်။

###